# လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း၏ အခြေခံမှုများ

# လူ့အခွင့်အရေး ဆိုတာ ဘာလဲ။

- "လူ့အခွင့်အရေးသည် လူသားအားလုံးအတွက် မွေးရာပါ အခွင့်အရေးဖြစ်သည်။ လူမျိုး၊ နေရာဒေသ၊ လိင်ကွဲပြားမှု၊ နိုင်ငံသား(သို့မဟုတ်) တိုင်းရင်းသား၊ အသားအရောင်၊ ကိုးကွယ်သည့် ဘာသာ၊ ဘာသာစကား (သို့မဟုတ်) တခြားသော အဆင့်အတန်းတို့အပေါ် မူတည်၍ ခွဲခြားမှုမရှိစေဘဲ အခွင့်အရေးအားလုံးကို ကျွန်ုပ်တို့ တူညီစွာ ခံစားပိုင်ခွင့်ရှိသည်။ ၎င်းအခွင့်အရေးအားလုံးသည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်စပ်နေပြီး ခွဲခြမ်း၍ မရနိုင်သလို အပြန်အလှန်လည်း အမှီပြုလျက်ရှိနေသည်။"-ကုလသမဂ္ဂ

- နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများတွင် ခွဲခြားဆက်ဆံမှုမရှိစေရေးကို အသားပေး အလေးထား လေ့ရှိသည်။

- အခွင့်အရေးအားလုံးသည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ဆက်စပ်နေပြီး ခွဲခြမ်း၍ မရနိုင်သလို အပြန်အလှန်လည်း အမှီပြုလျက်ရှိသည်။ ဥပမာ- တစ်စုံတစ်ယောက်မှ စစ်တပ်အတွက် အလုပ်လုပ်ရန် အတင်းအဓမ္မခိုင်းစေခံရလျှင် ထိုသူ၏ လွတ်လပ်ခွင့်မှ မတရားပိတ်ပင်မှုမခံရစေရေးဆိုင်ရာ ရပိုင်ခွင့်နှင့် စားဝတ်နေရေးအတွက် အသက်မွေး ဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ခွင့် (၎င်းတွင် စားဝတ်နေရေးအတွက် အလုပ်လုပ်ရန် လုံလောက်သည့် အချိန်မရရှိတော့ခြင်း နှင့် လုပ်အားခအတွက် စစ်တပ်မှ ငွေကြေးလခ မရရှိခြင်း) အခွင့်အရေးများကို ချိုးဖောက်ခြင်း ဖြစ်သည်။ ထိုအခွင့်အရေးများသည် တစ်ခုနှစ်တစ်ခု ဆက်စပ်လျှက်ရှိနေပေသည်။

- အခွင့်အရေးများ(rights) တွင် မည်သည့် အခွင့်အရေးတစ်ခုက တခြားသော အခွင့်အရေးတစ်ခုထက် အရေးကြီးသည်ဆိုသည့် ဝါစဉ်မျိုး မရှိပေ။ အစဉ်အလာအားဖြင့် အနောက်နိုင်ငံများ၌ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး (civil and political rights) ကို အလေးထားတတ်ကြသည်။ တခါတရံ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးကို နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး( လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့များ ဖွဲ့ခွင့်) ထက် အလေးထားတတ်ကြသည်။

# အဖြစ်အပျက်(Story)အား ပြောပြခြင်း

- လူ့အခွင့်အရေး အစီရင်ခံခြင်းသည် တစ်ဦးတစ်ယောက်၊ ရပ်ရွာအသိုင်းအဝိုင်း တစ်ခု (သို့မဟုတ်) တိုင်းရင်းသားအုပ်စု တစ်စု၏ အဖြစ်အပျက် အကြောင်းအရာများအား ပြောပြခြင်းပင်ဖြစ်သည်။ ၎င်း အဖြစ်အပျက် အကြောင်းအရာများကို ကျွန်ုပ်တို့ ပြောပြခြင်းဖြင့် စာဖတ်သူများမှ အခြေအနေကို နားလည်လာစေရန်နှင့် အမှန်တကယ် မည်သို့ ဖြစ်ပျက်ခဲ့သည် ဆိုသည်ကို ခံစားသိမြင်စေရန် ကူညီပေးခြင်းပင် ဖြစ်သည်။
- လူ့အခွင့်အရေးအစီရင်ခံခြင်းကို အဖြစ်အပျက် အကြောင်းအရာ တစ်ခုစီဖြင့် စတင်တတ်ကြသည်။ ဖမ်းဆီးခံရခြင်း ရှိ၊မရှိ၊ အတင်းအဓမ္မ နှင်ထုတ်ခံရခြင်း ရှိ၊မရှိနှင့် အဓမ္မခိုင်းစေခံရခြင်း ရှိ၊မရှိ ဆိုသည့် အဖြစ်အပျက် အကြောင်းအရာ တစ်ခုချင်းစီအလိုက် မှတ်တမ်းတင်ရန် လိုအပ်သည်
- ထို့ကြောင့် သင်မှ အကြောင်းကိစ္စ တစ်ခုချင်းစီအလိုက် အဖြစ်အပျက်ကိုပြောပြရန် လိုအပ်သည်။ ထို့နောက် သင့်တွင် လုံလောက်သော သတင်းအချက်အလက်များ ရှိလျှင် အထွေထွေ ဖော်ပြချက်တစ်ခုကို တင်ပြနိုင်သည်။
- အဖြစ်အပျက် တစ်ခုချင်းစီဖြင့် နောက်ခံပြု မပြောပြနိုင်လျှင် အထွေထွေ ဖော်ပြချက်များ သည်လည်း အသုံးဝင်မည်မဟုတ်ပေ။ ၁၉၉၀-ခုနှစ် အစောပိုင်းက ရန်ကုန်နှင့် မန္တလေးတွင် အတင်းအဓမ္မ နှင်ထုတ်ခြင်း(force evictions) များစွာ ရှိခဲ့သည်ဆိုသော အချက်အလက်သည် လုံလောက်မှုမရှိပေ။ တစ်ဦးချင်းစီ၏ အဖြစ်အပျက်မှတ်တမ်းများနှင့် အဖွဲ့လိုက် အဖြစ်အပျက်မှတ်တမ်းများ လိုအပ်ပါသည်။
- အဖြစ်အပျက်(story) တစ်ခုကို ပြောပြသည့် နည်းလမ်းများစွာရှိသည်။ သို့သော် စာဖတ်သူများတွင် ရှိနိုင်မည့် မေးခွန်းများကို ဖြေကြားပေးသည့်ပုံစံမျိုး ဇာတ်အိမ်တစ်ခုဖွဲ့၍ ပြောပြရန်အရေးကြီးသည်။
- အဖြစ်အပျက် (stories) များ တွင် ပုံမှန်အားဖြင့် နိဒါန်း၊ စာကိုယ် နှင့် နိဂုံးတို့ ရှိကြသည်။ သင့်တွင် အချက်အလက်အပြည့်အစုံ ရရှိထားမှု မရှိလျှင်- ဥပမာ-အကျဉ်းသားအား မည်သည့်နေရာတွင် ချုပ်ထားသည်ကို မသိလျှင် ထိုကိစ္စအား သင်ပြောပြသင့်သည်။ စာဖတ်သူမှ မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သနည်းဆိုသည့် မေးခွန်းမျိုးကို မေးမြန်းအောင် မချန်ထားပါနှင့်။

# မှတ်တမ်းတင်ခြင်း၏ ရည်ရွယ်ချက်က ဘာလဲ။

- မှတ်တမ်းတင်ရသည့် ရည်ရွယ်ချက်မှ အစီရင်ခံစာတစ်စောင် ရေးသား ဖြန့်ဝေရန်၊ ဆောင်းပါး တစ်စောင် ရေးသားရန်၊ စကားပြောရန်(speech) (သို့မဟုတ်) ကုလသမဂ္ဂသို့ တင်ပြရန် အတွက် မှတ်တမ်း တင်တာလား။

- သင်၏ ပရိသတ်က ဘယ်သူတွေလဲ။ မြန်မာအစိုးရလား။ မြန်မာ့ အရပ်ဘက်အဖွဲ့တွေလား။ နိုင်ငံတကာ အသိုင်းအဝိုင်းလား။ ၎င်းတို့အားလုံး လား။

- မှတ်တမ်းကို မည်သည့်အတွက် အသုံးပြုမည်နည်း။ မည်သူတွေက ပရိတ်သတ်တွေလဲ။ သင့်အစီရင်ခံစာ၏ ပုံစံ၊ အရွယ်အစား နှင့် အဆင့်အတန်း အသေးစိတ်ကို သတ်မှတ်ပိုင်းခြားမှာလား။
- ဥပမာ- ဆောင်းပါးတစ်ပုဒ်သည် တိုကောင်းတိုနေလိမ့်မည်။ ထို့အတွက် သင့်တွင် အသေးစိတ်ဖော်ပြရန် နေရာ ရှိလိမ့်မည် မဟုတ်ပေ-သို့သော် လုံလောက်စွာဖော်ပြရန်တော့ လိုအပ်သည် ထိုမှသာ သင်၏ ဖော်ပြမှုအား ယုံကြည်လောက်သည့် အဖြစ်အပျက်(Story) တစ်ခုဟု မှတ်ယူကြလိမ့်မည်။

- အစီရင်ခံစာ အပြည့်အစုံ (သို့မဟုတ်) ကုလသမဂ္ဂ(UN) ကို တင်ပြလျှင် ဥပဒေအကြောင်း အသေးစိတ်ကို ပြောရန် လိုအပ်လိမ့်မည်။

# တိကျမှန်ကန်ရန်နှင့် အသေးစိပ်ရန် အရေးကြီးခြင်း

- လူ့အခွင့်အရေး မှတ်တမ်းတင်ရာတွင် သတင်းအချက်အလက် တိကျမှန်ကန်မှုသည် တစ်ခုတည်းသော အရေးကြီးဆုံး အချက်ဖြစ်သည်။

- ဥပဒေ တစ်ခုကို ကိုးကားသည်ဖြစ်စေ-ထိခိုက်နစ်နာသူ(victim) ၏ ထွက်ဆိုချက်ကို ဖော်ပြခြင်းဖြစ်စေ (သို့မဟုတ်) တခါတရံ သတင်းမီဒီယာများတွင် ဖော်ပြပြီးသည့် သတင်း အချက်အလက်များကို တင်ပြခြင်းဖြစ်စေ၊ ၎င်းတို့၏ အချက်အလက်များကို စီစစ်ပြီး၊ မှန်ကန်တိကျစွာ တင်ပြရန် အရေးကြီးသည်။

- အထူးသဖြင့် အင်တာဗျူးချိန်တွင် သတင်းအချက်အလက်များ ရယူသည့်အခါ အတတ်နိုင်ဆုံး အသေးစိတ် ရရှိအောင် ဆောင်ရွက်ပါ။

- လူ့အခွင့်အရေးချိုးဖောက်မှုကို မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းပြုလုပ်သောအခါ သင့်အနေဖြင့် အဖြစ်အပျက် တစ်ခုကို တည်ဆောက်နေခြင်းဖြစ်သည်။ အချို့သော မြို့နယ်များတွင် မည်ကဲ့သို့ လယ်ယာမြေသိမ်းဆည်းသည့် ပြဿနာများရှိခဲ့သည်ကို သင်ဖော်ပြကောင်း ဖော်ပြချင်လိမ့်မည်။ ထို အဖြစ်အပျက် အကြောင်းအရာ တစ်ခုကို မှတ်တမ်း တည်ဆောက်ရန် ယုံကြည် နိုင်လောက်သော ဥပမာများ၊ အသေးစိတ် အချက်အလက်များ များစွာ လိုအပ်သည်။

- လူ့အခွင့်အရေးချိုးဖောက်မှုကို မှတ်တမ်းတင်သည့်အခါ သင်တို့၏ တွေ့ရှိချက်များကို မြန်မာအစိုးရသို့ တင်ပြမည်ဟု စိတ်တွင် မြင်ယောင်ကြည့်လိုက်ပါ။ ၎င်းတို့မှ မေးခွန်းများစွာ မေးမြန်းလိမ့်မည်။ ထို့အပြင် အသေးစိတ် အချက်အလက် များစွာကိုလည်း သိချင်ကြလိမ့်မည်။

# သတင်းရင်းမြစ် အရေးကြီးမှု

- လူ့အခွင့်အရေးချိုးဖောက်မှုကို မှတ်တမ်းတင်သည့်အခါ အတတ်နိုင်ဆုံး ယုံကြည် နိုင်လောက်သည့် သတင်းရင်းမြစ်များ(sources)ကို အသုံးပြုရန် အရေးကြီးသည်။

- ၎င်းတို့တွင် အစိုးရ၏ ထုတ်ပြန်ချက်များ၊ ဥပဒေများ၊ ထိခိုက်နစ်နာသူများ(victims)၊ မျက်မြင်သက်သေများနှင့် ရှေ့နေများ၏ ထွက်ဆိုချက်များ၊ ယုံကြည်နိုင်လောက်သော ပုံနှိပ်ထုတ်ဝေပြီး အစီရင်ခံစာများမှ သတင်းအချက်အလက်များ ပါဝင်နိုင်သည်။

- သတင်းအချက်အလက်များကို မသုံးစွဲမီ ၎င်းတို့၏ တိကျမှန်ကန်မှုကို သုံးသပ်အကဲဖြတ်ရန် လိုအပ်သည်။

- ရနိုင်သမျှ အနီးစပ်ဆုံး သတင်းရင်းမြစ်ကို ရယူပါ။ သင် လယ်ယာမြေသိမ်းဆည်းမှုကို မှတ်တမ်းတင်လျှင်- ထိခိုက်နစ်နာသူများ၊ မျက်မြင်သက်သေများနှင့် ဖြစ်နိုင်လျှင် ဒေသအစိုးရကိုလည်း အင်တာဗျူးလုပ်ပါ။ တနည်းအားဖြင့် အမှန်တကယ် ချိုးဖောက်မှုဖြစ်ရပ်နှင့် အနီးစပ်ဆုံးဖြစ်နိုင်သမျှ သတင်းရင်းမြစ်ကို ရယူပါ။ ထုတ်ပြန်ပြီး တဆင့်ခံ (Second-hand) အစီရင်ခံစာများသည် ယုံကြည်မှုကို လျော့နည်းစေနိုင်သည်။

- "ရင်းမြစ်(source) ကို စဉ်းစားခြင်း " ဆိုလိုသည်မှာ သင်သည် ရင်းမြစ်(source)များကို ယုံကြည်လောက်သော ရင်းမြစ် ဟုတ်၊မဟုတ် ခန့်မှန်းအကဲဖြတ်ရန် လိုအပ်သည်။ လူပုဂ္ဂိုလ်မှ အမှန်ကိုပြောသည်ဟု သင်ယုံကြည်သလား။ သတင်းစာတစ်စောင်စောင် အနေဖြင့် မှန်ကန်တိကျစွာ ဖော်ပြခြင်းအတွက် နာမည်ကောင်း ရထားပါသလား။ ရင်းမြစ်(source) မှာ ချဲ့ကား ပြောထားပါသလား။ ရင်းမြစ်မှာ အမှန်တကယ် ခိုင်လုံသော သတင်းအချက်အလက် ဖြစ်ပါသလား။ (သို့မဟုတ်) ၎င်းတို့ ကြားခဲ့သည့် အကြောင်းတစ်ခုကို မသဲမကွဲ ပြန်၍ ပြောပြယုံလောက်မျှသာလား စသည်ဖြင့် သင်သေချာစွာ ခန့်မှန်းအကဲဖြတ်ရန် လိုအပ်သည်။

- “ တချိန်က ဖမ်းဆီးခံရမှုပေါင်း များစွာရှိခဲ့သည်” ဟု ဖော်ပြသည့် သတင်း အချက်အလက် မျိုးသည် အကူအညီမဖြစ်ပေ။ ၂၀၁၄-ခုနှစ်၊ မေလအတွင်း XX မြို့နယ်ရှိ လူ ၃၀ မှာ ဒေသခံရဲများ၏ ဖမ်းဆီးမှုကို ခံခဲ့ကြရသည်” ဆိုသည့် သတင်းအချက်အလက်မျိုးကို ဖော်ပြလျှင် ပို၍ အသုံးဝင်မည်။

- ထို့ကြောင့် ကျွန်ုပ်တို့မှ အတတ်နိုင်ဆုံး သတင်းအချက်အလက် အသေးစိတ်ကို စုဆောင်းရန် လိုအပ်သည်။ “ အာဏာပိုင်များမှ ၎င်းတို့ ပိုင်မြေများကို သိမ်းယူခဲ့ကြောင်း ရပ်ရွာ အသိုင်းအဝိုင်းမှ ပြောသည်” ဟု အစီရင်ခံတင်ပြမည့်အစား။ အသေးစိတ်အချက်အလက်များ ပါဝင်သော အစီရင်ခံစာ ကို တင်ပြရန် လိုအပ်သည်။

- အစီရင်ခံစာ တင်ပြသည့်အခါ မူးရင်း ရင်းမြစ်(source) ကို ဖော်ပြရန် အရေးကြီးသည်။ သင် ဥပဒေတစ်ခု အကြောင်းကို ပြောလျှင်-သတင်း အစီရင်ခံချက်တစ်ခုကိုသာ အသုံးပြုခြင်းထက် ၎င်း ဥပဒေပါ စာသားများကို ဖတ်ပြီး အသုံးပြုပါ။

# သတင်းအချက်လက်များကို အထပ်ထပ်အခါခါ စီစစ်ခြင်း

- ဖြင်နိုင်လျှင်- ရင်းမြစ်(source) တစ်ခုတည်း၏ သတင်းအချက်အလက်ကို အခြေမခံဘဲ အခြားတဖက်မှ ရင်းမြစ်များကိုလည်း စိစစ်ပါ။ အဖြစ်အပျက်(story) တစ်ခုတွင် ဘက်ပေါင်းစုံ အမြဲတမ်း ပါဝင်လေ့ရှိတတ်သည်။

- ဖြစ်ရပ်(incident)များကို မှတ်တမ်းတင်လျှင် သင်၏ သတင်းအချက်အလက်များအတွက် မတူညီသည့်သူများ၊ မတူညီသည့် အုပ်စုများကို တူညီသောမေးခွန်းများကိုသာ မေးမြန်းခြင်းဖြင့် အပြန်အလှန် စီစစ်သင့်သည်။

- ဥပမာ-လယ်ယာမြေသိမ်းဆည်းခံရမှုကို မှတ်တမ်းတင်လျှင်-သက်ရောက်မှုခံရသည့် ရပ်ရွာ အသိုင်းအဝိုင်းမှ သူများ၊ ခေါင်းဆောင်များနှင့် အာဏာပိုင်များ (ဖြစ်နိုင်လျှင်) အပြင် လက်ရှိ လယ်ယာမြေကိုသိမ်းပိုက် သူ/ကုမ္ပဏီ နှင့်လည်း ပြောဆိုသင့်သည်။

- မတူညီသည့် ရင်းမြစ်များမှ သတင်းအချက်အလက်များကို နှိုင်းယှဉ်နိုင်သည်။ အမှန်တကယ် မည်သို့ ဖြစ်ပျက်ခဲ့သည်ကို အတိအကျ သတ်မှတ်ရန် အမြဲတမ်းတော့ ဖြစ်နိုင်ခြေမရှိပေ။ သို့သော် ကြိုးစားလုပ်ဆောင်ရန်တော့ အရေးကြီးသည်။

- ယုံကြည်လောက်သော သတင်းအချက်လက်များဟု သင် လက်ခံလျှင် အဖြစ်အပျက်(story) ကို မတူညီသည့် အမြင်များဖြင့် အစီရင်ခံ တင်ပြနိုင်သည်။

# သမာသမတ်ကျခြင်း

- လူ့အခွင့်အရေး အကြောင်းအရာများကို မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း ပြုလုပ်သည့်အခါ ကြိုတင်စိတ်ကူထားသည့် အတွေးအခေါ် (pre-conceived ideas) များ မပါရှိစေရန်နှင့် စိတ်ကိုဖွင့်၍ လေ့လာနိုင်ရန် အရေးကြီးသည်။

- ထို့ကြောင့် Story အတွက် တတ်နိုင်သမျှ ဘက်ပေါင်းစုံမှ သတင်းအချက်လက်များကို ရရှိရန် အရေးကြီးသည်။ ပြီးနောက် ၎င်း သတင်းအချက်အလက်များကိုလည်း အထပ်ထပ်အခါခါ အပြန်အလှန် စီစစ်ရမည်။

- မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်းကို သမာသမတ်ကျကျ ပုံဖော်၍ တင်ပြခြင်းသည် မတူညီသည့်အုပ်စု (အစိုးရ၊ ကုမ္ပဏီ၊ ဒေသခံ အရပ်ဘက်အဖွဲ့အစည်းများ နှင့် နိုင်ငံတကာ အသိုင်းအဝိုင်း)များ၏ ယုံကြည် လက်ခံနိုင်မှုကို တိုးပွားစေနိုင်သည်။

- အစီရင်ခံတင်ပြသည့်အခါ သုံးနှုန်းသည့် ဘာသာစကားမှာ ကြားခံ(neutral) ဖြစ်ရန်အရေးကြီးသည်။ “လယ်သမားများမှ ၎င်းတို့၏ စိုက်ပျိုးမြေများကို အာဏာပိုင်များ သိမ်းယူသွားပြီး လျော်ကြေးလည်း အပြည့်မဝ မရရှိကြောင်း ကျွန်ုပ်တို့အား ပြောသည်။ vs “ အာဏာပိုင်များမှ လယ်သမားများကို ဆိုးဆိုးရွားရွား ဆက်ဆံသည်။”

- အာဏာပိုင်များမှ လယ်သမားများကို ဆိုးဆိုးရွားရွား ဆက်ဆံခြင်းသည် မှန်ကောင်းမှန်လိမ့်မည်။ ၎င်းတို့နှင့် ပတ်သက်၍ သင်နားလည်သမျှ အချက်အလက်များကို အသေးစိတ် တင်ပြနိုင်လျှင် အကောင်းဆုံးဖြစ်သည်။ ထိုဖြစ်ရပ်အား စာဖတ်သူမှ ကိုယ်ပိုင် ဆင်ခြင်သုံးသတ်ခြင်းဖြင့် ကောက်ချက်ချပါစေ။

# အရည်အသွေးနှင့် အရေအတွက် သတင်းအချက်အလက်ကောက်ယူခြင်း/မှတ်တမ်းတင်ခြင်း

- အများအားဖြင့် လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံတင်ပြရာတွင် အရည်အသွေး( qualitative ) ရှိသည့် သတင်းအချက်အလက်များကို အသုံးပြုကြသည်။
- အရည်အသွေး( qualitative ) ရှိသည့် သတင်းအချက်အလက်များ၏ အဓိကဥပမာမှာ အဖြစ်အပျက် တစ်ခုချင်းစီ (ဖမ်းဆီးခြင်း၊ အတင်းအဓမ္မနှင်ထုတ်ခြင်း (သို့မဟုတ်) အလုပ်သမား အခွင့်အရေး ခေါင်းပုံဖြတ်ခြင်း (labour exploitation) ကို ဖော်ပြခြင်းဖြစ်သည်။
- အဖြစ်အပျက်တစ်ခုချင်းစီတွင် လုံလောက်သော ကိန်းဂဏန်းများ ရှိလျှင်- တခါတရံ လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်တစ်ရပ်အနေအဖြစ် ထင်ဟပ်ဖော်ပြ၍ အသုံးပြုသည်။ ထပ်၍ပြောရလျှင်- လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းသည် အဖြစ်အပျက်တစ်ခုချင်းစီဖြင့် စတင်ပြီးနောက် ယေဘုယျ ခြုံငုံ၍ တင်ပြသည့်ပုံစံမျိုးဖြင့် ဖော်ပြလေ့ရှိကြသည်။
- ဥပမာ- ၁၉၉၀ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အတင်းအဓမ္မခိုင်းစေမှုမှာ ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ရှိခဲ့ကြောင်း ILO မှ တွေ့ရှိခဲ့သည်။ ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုလုပ်ခြင်းနှင့် တွေ့ရှိချက်များအပေါ် အခြေခံ၍ ဖော်ပြထားသည့် အလွန်ရှည်လျားသည့် အစီရင်ခံစာထွက်ရှိ ပြီးမှသာ ၎င်းကဲ့သို့ ကောက်ချက်မျိုး ထွက်လာခြင်းဖြစ်သည်။
- အရေအတွက်(Quantitative)ကို ဖော်ပြသည့် သတင်းအချက်များကို ကိန်းဂဏန်း၊ ရာခိုင်နှုန်း နှင့် အဆင့်(rank) များဖြင့် ဖော်ပြလေ့ရှိသည်။
- အရေအတွက်ကို ဖော်ပြသည့် သတင်းအချက်အလက် ဥပမာမှာ- ၇၀%ခန့်သော မြန်မာနိုင်ငံ၏ လူဦးရေသည် ငှက်ဖျားဖြစ်ပွားလေ့ရှိသော နေရာများတွင် နေထိုင်နေကြသည်။
- နောက်ထပ် ဥပမာ တစ်ခုက ၂၀၁၃-ခုနှစ်၊ နိုင်ငံများကို စစ်တမ်းကောက်ရာတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ လူသား ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း (UN Human Development Index) များအရ ပျမ်းမျှ လူတစ်ယောက်၏ သက်တမ်း ၆၅.၇ နှစ် နှင့် အသက် ၂၅ နှစ်နှင့်အထက် ပျမ်းမျှ ကျောင်းတက်ရောက်မှုနှုန်း ၃.၉ နှစ်သာရှိသောကြောင့် ၁၈၇ နိုင်ငံထဲတွင် ၁၄၉ အဆင့် နေရာတွင်ရှိနေ၍ လူသား ဖွံ့ဖြိုးတိုးတက်မှုနိမ့်သော အဆင့်အတန်းထဲတွင် ထည့်ခံထားရသည်။